Myanmar Peace Monitor

# Weekly News Review

Issue 108, 7 - 13 June 2023

Interim Executive Council
Karenni State

# ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ

သို့မဟုတ်

# နွေဦးတော်လှန်ရေး၏ အထူးခြားဆုံး ဝိသေသတစ်ခု




# ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ သို့မဟုတ် နွေဦးတော်လှန်ရေး၏ အထူးခြားဆုံး ဝိသေသတစ်ခု

## နိဒါန်း

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၏ လက်ရှိဥက္ကဋ္ဌ ခူဦးရယ်ကိုယ်တိုင် ဦးဆောင်သည့် ကရင်နီပြည်နယ် ကြားကာလအုပ်ချုပ်ရေးကောင်စီ(IEC)သည် နွေဦးတော်လှန်ရေးကာလအတွင်း အထူးခြားဆုံး ဝိသေသတစ်ခုအဖြစ် ထင်ပေါ်နေပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင်စခဲ့သည့် စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်ကောင်စီနှင့် အပေါင်းအပါများအား နည်းလမ်းမျိုးစုံဖြင့် ဆန့်ကျင်ဆန္ဒဖော်ထုတ်သည့် လှုပ်ရှားမှုတိုင်းတွင်လည်း ကရင်နီလူထု၏ ပုံရိပ်များသည် နိုင်ငံတဝှမ်းလွှင့်ပြန့်နေခဲ့ပါသည်။

စစ်အာဏာသိမ်းမှုဆန့်ကျင်သော နွေဦးတော်လှန်ရေး၏ အစောဆုံးအစုအဖွဲ့တစ်ခုဖြစ်သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရအမတ်များဖြင့် စုဖွဲ့ထားသော

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH) တွင်လည်း ကရင်နီဒေသတွင်းမှ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်အားဖြည့်ခဲ့ကြသည်။ ထို့နောက် နွေဦးတော်လှန်ရေး၏ တပ်ဦးဟုဆိုနိုင်သော အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC) တွင်လည်း ကရင်နီဒေသကိုယ်စားပြုအဖြစ် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ(KSCC)က အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ယခုတစ်ပတ် BNI-Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် KSCC မှ အတည်ပြုဖွဲ့စည်းလိုက်သည့် ကရင်နီပြည်နယ်၏ ကြားကာလအုပ်ချုပ်ရေးကောင်စီ(IEC)နှင့် ကရင်နီဒေသတွင်း နိုင်ငံရေး စစ်ရေးအရွေ့များကို လေ့လာတင်ပြသွားပါမည်။

# KSCC မှ IEC သို့

၂၀၂၁ ခုနှစ် ဧပြီလ ၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် KSCC တွင် ကရင်နီပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအစုအဖွဲ့၊ နိုင်ငံရေးပါတီကိုယ်စားပြုအစုအဖွဲ့၊ ကရင်နီပြည်နယ် ဥပဒေ ပြုရေးကော်မတီ ကော်မတီဝင်များအစုအဖွဲ့၊ လူငယ်အင်အားစု၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာအဖွဲ့အစည်းများအစုအဖွဲ့နှင့် အမျိုးသမီးကိုယ်စားပြုအစုအဖွဲ့ဟူ၍ အစုအဖွဲ့ (၅)ခုပါဝင်သည်။ KSCC ၏ နိုင်ငံရေးဦးတည်ချက်နှင့် နိုင်ငံရေးပန်းတိုင်များအဖြစ် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖျက်သိမ်းရေး၊ စစ်အာဏာရှင်နှင့် အာဏာရှင်ဟူသမျှ ချုပ်ငြိမ်းရေး၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးဟူ၍ ပန်းတိုင် ၄ ခု ကိုကြေညာထားသည်။ ကောင်စီဝင် (၁၇) ဦး ဖြင့် စတင်ဖွဲ့စည်းခဲ့သည့် KSCC သည် ကရင်နီပြည်သမိုင်းတလျှောက် အကြီးမားဆုံးသော စုစည်းစုဖွဲ့မှုအဖြစ်လည်း မှတ်ယူနိုင်ပါသည်။

KSCC အနေဖြင့် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များအဖြစ် နိုင်ငံရေးလမ်းပြမြေပုံ (၉) ရပ်ကို ချမှတ်ထားပြီး ၂၀၂၃ ခုနှစ် ဇွန်လ ၆ ရက်တွင် ကရင်နီပြည်နယ်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) ကို ဖွဲ့စည်း ခြင်းသည် အဆိုပါ နိုင်ငံရေးလမ်းပြမြေပုံပါ အဆင့် (၆) ကို အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ IEC သည် KSCC မှ ရေးဆွဲအတည်ပြုထားသည့် ကရင်နီပြည်နယ်၏ ကြားကာလအစီအမံ အခန်း(၅)ပါ ပုဒ်မ(၃၃-ဂ)အရ ကနဦးစုဖွဲ့မှုအဖြစ် ဖွဲ့စည်းခြင်းဖြစ်ပြီး KSCC ၏ နိုင်ငံရေးဦးဆောင်မှုနှင့် မူဝါဒလမ်းညွှန်ချက်များအတိုင်း လုပ်ဆောင်ရမည်ဟု ဆိုနိုင်ပါသည်။ (မှတ်ချက် - ကရင်နီပြည်နယ်၏ ကြားကာလအစီအမံကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ရေးဆွဲအတည်ပြုခဲ့ခြင်းဖြစ်ပြီး လက်ရှိတော်လှန်ရေးကာလမှ စစ်အာဏာရှင်ချုပ်ငြိမ်းသည့် အချိန်ကာလအထိ ကျင့်သုံးမည့် အစီအမံဖြစ်ပါသည်)

| ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ နိုင်ငံရေးလမ်းပြမြေပုံ |
|---|
| ၁။ ပြည်နယ်ပါဝင်ဆက်နွယ်သူများ (iStakeholders) များ၏ ညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ |
| ၂။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ အမျိုးသားညီညွတ်ရေး အစိုးရ (NUG)၊ တခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အခြား အင်အားစုများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ |
| ၃။ ပြည်နယ်အတိုင်ပင်ခံအဖွဲ့ဝင်အဖွဲ့အစည်းများအကြား ပြည်နယ်၏ ကြားကာလ အစီအမံအား မူကြမ်းရေးဆွဲခြင်းနှင့် အတည်ပြုခြင်း” |
| ၄။ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီအတွင်းရှိ တော်လှန်ရေးအင်အားစုများ အားလုံးပါဝင်သည့်ညီလာခံတွင် ပြည်နယ်ကြားကာလအစီအမံအား ထပ်လောင်း အတည်ပြုခြင်း၊ |
| ၅။ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီအား ပြည်လည်ရွေးချယ်ဖွဲ့စည်းခြင်း၊ |
| ၆။ ကြားကာလပြည်နယ်အုပ်ချုပ်ရေးကောင်စီအား ဖွဲ့စည်းခြင်း၊ |
| ၇။ လူထုအားပြည်နယ်ကြားကာလအစီအမံများနှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းချပြခြင်း၊ |
| ၈။ အသွင်းကူးပြောင်းရေးကာလအတွက် ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းစဉ်များရေးဆွဲ ချမှတ်ခြင်း၊ |
| ၉။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကရင်နီပြည်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြင်ဆင်ခြင်းလုပ်ငန်းစဉ်ရေးဆွဲချမှတ်ခြင်း |

## IECဘာလဲ

ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ(IEC)တွင် ရည်ရွယ်ချက် (၃)ခု ရှိသည်။ “စုပေါင်းခေါင်းဆောင်မှု ဖြင့် ကြားကာလပြည်နယ်အစိုးရတစ်ရပ်၏ အုပ်ချုပ်ရေးကို ဖော်ဆောင်သွားရန်၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တ ရားစီရင်ရေးကဏ္ဍများ အပြန်အလှန် ထိန်းညှိပြီး ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေးကို ကြိုးစားဖော်ဆောင်သွားရန်၊ ပြည်နယ် အတွင်းရှိ အင်အားစုအသီးသီးနှင့် လက်တွေ့ကျစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်”ဟူ၍။

| ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ(IEC)၏ ဦးတည်ချက်(၅)ရပ် |
|---|
| ၁။ ကရင်နီပြည်၏ အုပ်ချုပ်ရေးကို ပြည်နယ်ကြားကာလအစီအမံနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ရန် |
| ၂။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်၊ ဘဝလုံခြုံရေးနှင့် အခြားခြေခံ လိုအပ်ချက်များကို ပြည်လည် ဖြည့်ဆည်းပေးရန် |
| ၃။ ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ တရားဥပဒေစိုးမိုးရေး နှင့် အသွင်ကူးပြောင်းရေး ကာလအစီအမံများကို စနစ်တကျ ချမှတ်ဖော်ဆောင် နိုင်ရန် |
| ၄။ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် တို့ကို အာမခံသည့်ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တစ်ခုအဖြစ်ပါဝင်ရန် |
| ၅။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်ခု၏ကျင့်သုံးရမည့်ကိုယ်ပိုင်ပြဌာန်း ခွင့်နှင့်အညီ အုပ်ချုပ်ရေးစနစ်ကို အစပျိုး၍ လက်တွေ့အကောင်အထည်ဖော်ရန် |

IEC အား ကောင်စီဝင် (၆) ဦးဖြင့် ကနဦးဖွဲ့စည်းထားပြီး ပြည်နယ်ရေးရာဌာန အနည်းဆုံး (၁၂) ခု ထားရှိရန် ရည်မှန်းထားသည်ဟုဆိုပါသည်။ ကရင်နီပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ရန်အပြင် ပြည်သူ့လူထု၏ အဓိကလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာနှင့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် IEC က ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် ရဲဌာနနှင့် အကျဉ်းထောင်တို့ကိုလည်း စနစ်တကျ စီမံခန့်ခွဲကာ ကရင်နီပြည်အတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ပြည်ပအင်အားစုများနှင့် ချိတ်ဆက်ဆောင်ရွက်ရေးအပြင် ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် ကြိုးပမ်းလျက်ရှိသော CRPH၊ NUCC နှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)တို့နှင့်လည်း လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း IEC က ကြေညာထားပါသည်။

အမျိုးသားတန်းတူရေး၊ တရားမျှတရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသောပြည်ထောင်စု နိုင်ငံတော်သစ်တည်ဆောက်ရေးသည် IEC ၏ စံတန်ဖိုးများဖြစ်ပြီး ကိုယ်ပိုင်ပြဌာန်းခွင့်ဖြင့် ကရင်နီပြည်အစိုးရသစ်ပေါ်ပေါက်လာချိန်တွင် IEC အား သတ်မှတ်ကာလသက်တမ်းနှင့် အညီ ရုပ်သိမ်းသွားမည်ဟုလည်း ၂၀၂၃ ခုနှစ် ဇွန်လ ၁၂ရက်၊ IEC မိတ်ဆက်ကြေညာ ချက်တွင် ဖော်ပြထားပါသည်။

# တွေ့ရှိသုံးသပ်ချက်

NUCC ၏ ပထမအကြိမ်ပြည်သူ့ညီလာခံမှ အတည်ပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂)၊ အခန်း (၈)တွင် ဖော်ပြထားသော ကြားကာလ ပြည်နယ်များ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို အကောင်အထည်ဖော်နိုင်ရန်အတွက် အထူးလိုအပ်နေသည့်အတွက် ကရင်နီပြည်နယ်၏ ကြားကာလအစီအမံသည် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (KSCC)မှ ရေးဆွဲအတည်ပြုခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အထက်တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံရေးလမ်းပြမြေပုံ (၉) ရပ်၏ အဆင့် (၆)ဖြစ်သော IEC ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းသည် ကရင်နီဒေသတွင်း နွေဦးတော်လှန်ရေးအင်အားစုများ၏ စုစည်းညီညွတ်မှု၊ ခိုင်မာအားကောင်းသည့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းကို ထင်ရှားစေပါသည်။

ကရင်နီပြည်သည် ၂၀၂၁ ခုနှစ် စစ်အာဏာမသိမ်းခင်ကပင် နယ်မြေအကျယ်အဝန်း သေးငယ်သည့်တိုင် လက်နက်ကိုင်တော်လှန်ရေး အစုအဖွဲ့များပြားသည်ဟု ဆိုနိုင်ပါသည်။ အထူးသဖြင့် ကရင်နီအမျိုးသားတိုး တက်ရေးပါတီ(KNPP)မှ ခွဲထွက်ပြီး နဝတ၊ နအမ စသော စစ်အစိုးရများနှင့် အပစ်ရပ်ခဲ့ကြသည့် လက်နက်ကိုင်အစုအဖွဲ့များသည် စစ်တပ်လက်အောက်ခံ နယ်ခြားစောင့်တပ်(BGF) အဖြစ် ရပ်တည်လျက်ရှိသလို ပြည်သူ့စစ်အဖြစ် အသွင်ပြောင်းလဲသွားသည်များလည်း ရှိပါသည်။

Interim Executive Council
Karenni State

> "ကရင်နီပြည်နယ်အတွင်း လက်နက်ကိုင်အစုအဖွဲ့ အချင်းချင်းအကြား ကြီးမားသည့် ပဋိပက္ခဖြစ်ပွားမှုမျိုး မတွေ့ရှိရခြင်းကလည်း ကရင်နီဒေသတွင်း နွေဦးတော်လှန်ရေးအင်အားစုများ၊ အစုအဖွဲ့များအကြား ထူးခြားသည့် ဝိသေသတစ်ခုဖြစ်နေပါသည်။"

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းကာလအတွင်းတွင်လည်း မြို့နယ်အလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များ၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ်(KNDF) တပ်ရင်းများ၊ ကရင်နီတော်လှန်ရေးတပ်ပေါင်းစု (KRU)၊ Karenni Generation Z (K.G.Z) နှင့် Falcon Wings (ဒရုန်းတပ်ဖွဲ့)ကဲ့သို့သော အမည်နာမအစုံဖြင့် အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်နေကြရသည့် လက်နက်ကိုင်အစုအဖွဲ့ အများအပြားရှိနေသည်ကို တွေ့ရှိရပါသည်။

သို့နှင့်တိုင် ကရင်နီပြည်နယ်အတွင်း လက်နက်ကိုင်အစုအဖွဲ့အချင်းချင်းအကြား ကြီးမားသည့် ပဋိပက္ခဖြစ်ပွားမှုမျိုး မတွေ့ရှိရခြင်းကလည်း ကရင်နီဒေသတွင်း နွေဦးတော်လှန်ရေးအင်အားစုများ၊ အစုအဖွဲ့များအကြား ထူးခြားသည့် ဝိသေသတစ်ခုဖြစ်နေပါသည်။ တပ်ရင်းပေါင်း ၂၂ ရင်းအထိ စုဖွဲ့ကာ အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်ဆင်နွှဲနေသည့် KNDF သည် ကရင်နီတပ်မတော်(KNPP/KA)၏ စစ်ရေးအရ ဦးစီးဦးဆောင်မှုကို အပြည့်အဝခံယူကာ လှုပ်ရှားလျက်ရှိသကဲ့သို့ အသစ်ဖွဲ့စည်းလိုက်သည့် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေး ကောင်စီ(IEC)တွင်လည်း KNDF ဥက္ကဌ ခွန်းဘီထူးသည် ဒုဥက္ကဌအဖြစ် တာဝန်ယူထားသည်ကို တွေ့ရပါသည်။

ဆိုရသော် ကရင်နီပြည်နိုင်ငံရေးလမ်းပြမြေပုံအရ ဆက်လက်ဖော်ဆောင်ရမည့် အဆင့် (၃)ခု ကျန်ရှိနေသေးသည့်တိုင် IEC ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းသည်လည်း နွေဦးတော်လှန်ရေး၏ အထူးခြားဆုံးဝိသေသတစ်ခုကို ပြသရာရောက်ပါသည်။ IEC ၏ ဦးတည်ချက် (၅)ရပ်နှင့်အတူ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကိစ္စရပ်များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် စစ်ဘေးဒုက္ခသည်ဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ CDM ဝန်ထမ်းဆိုင်ရာကိစ္စရပ်များ၊ လူနည်းစုအခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုနှင့် ပြည်လည်ကုစားခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုဆိုင်ရာ ကိစ္စရပ်များ စသည့် အရေးအရာများသည် IEC မှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဖြစ်လာနိုင်ပါသည်။

ထို့အပြင် ကြားကာလ ကရင်နီပြည်နယ်၏ အုပ်ချုပ်ရေးနယ်မြေများ ဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်ပြီး မူလကတည်းက ရှိနှင့်နေပြီးသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ အုပ်ချုပ်ရေးအဖွဲ့များနှင့်လည်း ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရနိုင်ပါသည်။ အထူးသဖြင့် ဒေသတွင်း လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပြန်လည်ဖွဲ့စည်းမှုနှင့် ပြန်လည်ကုစားရေးဆိုင်ရာကိစ္စရပ်များအား ကိုင်တွယ်ရာတွင် အကဲဆတ်သည့်အလေ့အထရှိသဖြင့် KSCC နှင့် IEC ၏ ဦးဆောင်နိုင်စွမ်းသည် အလွန်အရေးပါသည်ဟု သုံးသပ်ရပါသည်။

ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ(IEC) အား ဖွဲ့စည်းနိုင်ခဲ့ခြင်းသည် နွေဦးတော်လှန်ရေး၏ အထူးခြားဆုံး ဝိသေသတစ်ခု ဖြစ်နေသကဲ့သို့ အခြားသောနယ်မြေဒေသအလိုက် ဖက်ဒရယ်ယူနစ်များအတွက်လည်း ပမာပြုဖွယ်ရာ ရှေ့ဆောင်လမ်းပြတစ်ခုဖြစ်နေကြောင်း တင်ပြအပ်ပါသည်။



# ရွှေကူမြို့ရှိ စစ်ရှောင် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှု အကူအညီလိုအပ်နေကြ

> “စစ်ရှောင်ရင်း တောထဲ၌ ခက်ခက်ခဲခဲ မီးဖွားခဲ့ရသည့် ကိုယ်ဝန်ဆောင်မိခင်များ အတွက် ဆေးဝါးများ အထူးလိုအပ်နေသည့်အပြင် မီးမဖွားသေးသည့် ကိုယ်ဝန်ဆောင် မိခင်များအတွက်လည်း ကာကွယ်ဆေးများထိုးရန် လိုအပ်နေကြောင်း”

၁၄ ဇွန် ၂၀၂၃

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ် အရှေ့တောင်ဘက်ခြမ်းရှိ စစ်ဘေးရှောင်နေရသည့် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှု အကူအညီလိုအပ်နေကြကြောင်း သိရသည်။

စစ်ဘေးရှောင်နေရသည့် ရွှေကူမြို့နယ် မံဝင်း၊ နောင်လတ်ကြီး၊ နန့်လန်၊ စီသာ၊ စီသောင်နှင့် အနီးဝန်းကျင်ရှိ ကျေးရွာပေါင်း ၁၂ ရွာမှ စစ်ရှောင်များတွင် ကိုယ်ဝန်ဆောင်မိခင် ၅၀ ဦးခန့်ရှိပြီး တချို့မှာ တောတောင်များတွင် ခက်ခက်ခဲခဲ မီးဖွားနေရသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှု အကူအညီလိုအပ်နေကြောင်း မံဝင်းကျေးရွာ မီးဖွားဆရာမတစ်ဦးက KNG ကို အခုလို ပြောသည်။

“ကျွန်မအနေနဲ့ အရင်လတွေထဲမှာ မွေးပေးခဲ့တဲ့ လူရှိတယ်၊ ၄ ယောက်လောက်ရှိတယ်။ သူတို့ကိုတော့ ဒီတိုင်းပဲ တောထဲမှာ ခက်ခက်ခဲခဲနဲ့မွေးပေးရတာပဲ့။ နေရာထိုင်ခင်းကလည်းမကောင်း တောထဲမှာဆိုတော့၊ တချို့နည်းနည်း တတ်နိုင်တဲ့သူက

မြို့ထဲမှာ သွားမွေးကြတယ်။ ဘာအထောက်အကူမှမရှိဘဲ တောထဲမှာမွေးရတော့ ခက်ခက်ခဲခဲမွေးရတဲ့ လူအတွက်ဆိုရင်တော့ အသက်အန္တရာယ်တောင် စိုးရိမ်ရပါတယ်” ဟု ၎င်းက ပြောသည်။

စစ်ရှောင်ရင်း တောထဲ၌ ခက်ခက်ခဲခဲ မီးဖွားခဲ့ရသည့် ကိုယ်ဝန်ဆောင်မိခင်များ အတွက် ဆေးဝါးများ အထူးလိုအပ်နေသည့်အပြင် မီးမဖွားသေးသည့် ကိုယ်ဝန်ဆောင် မိခင်များအတွက်လည်း ကာကွယ်ဆေးများထိုးရန် လိုအပ်နေကြောင်း အဆိုပါ မီးဖွား ဆရာမ ဆက်ပြောသည်။

စစ်ကောင်စီတပ်သည် ရွှေကူမြို့အရှေ့တောင်ဘက်ကို မတ်လ ၂၈ ကျော်က စစ်ကြောင်းထိုး ဝင်ရောက်ခဲ့ရာ KIA ၊ PDF တို့၏ ခြုံခိုတိုက်ခိုက်မှုကြောင့် အထိနာခဲ့ပြီး ယင်းဒေသရှိ ကျေးရွာပေါင်း ၁၂ ရွာ ကို မီးရှို့ဖျက်ဆီး ခဲ့သောကြောင့် ဒေသခံများ ယခု အချိန်ထိ စစ်ရှောင်နေရဆဲ ဖြစ်သည်။

အဆိုပါ ကျေးရွာ ၁၂ ရွာမှ ကိုယ်ဝန်ဆောင် မိခင်များသည် စစ်ဘေးမရှောင်ရခင်က စီတာ တိုက်နယ်ဆေးရုံတွင် ကာကွယ်ဆေးသွားရောက်ထိုးနှံခဲ့ကြသော်လည်း လက်ရှိ တွင် ယင်းတိုက်နယ်ဆေးရုံ၌ သူနာပြုဆရာမများ မရှိသောကြောင့် ကိုယ်ဝန်ဆောင်မိခင် များ ကာကွယ်ဆေး ထိုးနှံရမည့်အခွင့်အရေး ဆုံးရှုံးရကြောင်း ကိုယ်ဝန်ဆောင်မိခင် တစ်ဦးက အခုလို ပြောသည်။

“ကျွန်မတို့ရွာ ပျက်ပြီးကတည်းက သုံးလပိုင်းကတည်းကနေ ဆေးမထိုးရတော့ဘူး၊ ကိုယ်ဝန်ဆောင်မိခင်တွေ ကာကွယ်ဆေး ကိုယ်ဝန်ဆောင်ပြီးသုံးလပြည့်မှ ကာကွယ်ဆေး ထိုးရတာ ၂ လ ဆက်တိုက်ပေါ့။ ကျွန်မက အရံသားဖွားဆိုတော့ မထိုးပေးဘူး။ ဆရာမ တွေပဲ ထိုးပေးတာ အခုဆရာမတွေက မရှိတော့ဘူးလေ” ဟု ၎င်းက ပြောဆိုသည်။

ယခုကဲ့သို့ ဆေးရုံ၊ ဆေးခန်းမရှိသည့်အတွက် ငွေကြေးတတ်နိုင်ကြသော ကိုယ်ဝန် ဆောင်မိခင်တချို့သည် ၁၀ မိုင်ကျော်ဝေးသည့် ရွှေကူမြို့ပေါ်ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ရန် ခက်ခဲနေသည် ပြောကြသည်။

စီသာကျေးရွာရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး၏ မိခင်ဖြစ်သူက “Nurse တွေ လည်းမရှိဘူး ဘယ်သူမှ မရှိဘူး။ ဒီမှာက ဆေးရုံက ပိတ်နေကြာပြီ၊ အဲ့ကြောင့် အခက်အခဲ တွေတော့ ရှိတာပေါ့။ မမွေးသေးတဲ့ဟာတွေလည်း အများကြီး၊ တတ်နိုင်တဲ့လူကတော့ မြို့ထဲမှာ ခွဲခန်းသွားပြကြတယ်။ မတတ်နိုင်တဲ့လူကတော့ ဒီတိုင်းပဲနေကြတယ်၊ ဟိုဆေးစား ဒီဆေးစားတွေနဲ့” ဟု ပြောသည်။


ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ရပြီး လေးလအကြာတွင် ကာကွယ်ဆေး ၂ ကြိမ် တိတိ ထိုးနှံရမည်ဖြစ်သော်လည်း တစ်ကြိမ်မျှပင် မထိုးရသေးသည့် စစ်ရှောင်ကိုယ်ဝန် ဆောင် မိခင်တချို့ရှိနေကြောင်း သိရှိရသည်။

BNI - MPM

# အပိုင်း ၂

## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ဇွန်လ ၇ ရက်မှ ၁၃ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၆ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၄ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူ မှတ်တမ်း ပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာမှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။




**၁၆ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




# စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု

၇ - ၁၃ ဇွန် ၂၀၂၃

၉၀ စစ်ကောင်စီတပ်သားသေဆုံးမှု

၁၅ ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု


၁၈ အရပ်သားသေဆုံးမှု





# ၁၇၀၀၀ စစ်ဘေးရှောင်အရေအတွက် (၇ - ၁၃ ဇွန် ၂၀၂၃)



စုစုပေါင်း
တိုက်ပွဲအရေအတွက်
၄ ရက်





# စစ်ကိုင်းတိုင်း

အင်းတော်၊ မင်းကင်း၊ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့ အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၂ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ တစ်ဦး ကျဆုံးခဲ့သည်။ ထို့အပြင် စစ်ကိုင်းနှင့်ရွှေဘိုမြို့နယ်များတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်မှ ၂၇ ဦး သေဆုံးခဲ့သည်။ မုံရွာမြို့နယ် ကျောက်စစ်ပုံကျေးရွာအနီးရှိ စစ်ကောင်စီ အမြောက်တပ် အမှတ်(၅၀၈) မှ ဇွန်လ ၇ ရက်နေ့က ရေကန်စုကျေးရွာသို့ ဝင်ရောက်၍ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၄ ဦးနှင့် ဒေသခံ ၂ ဦး စုစုပေါင်း ၆ ဦးကို သတ်ဖြတ်မီးရှို့ခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်စခန်းကိုဖျက်ဆီးခဲ့သည်။ထို့အပြင်စစ်ကောင်စီတပ် စစ်ကြောင်းထိုးလာသောကြောင့် ပုလဲ၊ ဆားလင်းကြီးနှင့် ခင်ဦးမြို့နယ်များမှ ဒေသခံပြည်သူ ၆၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။








# ကချင်

ဇွန်လ ၈ ရက်နေ့က ဖားကန့်မြို့တွင် ထောက်ပို့အမျိုးသား ၃ ဦးသည် စစ်ကောင်စီတပ်၏ လိုက်လံပစ်ခတ်ဖမ်းဆီးမှုကိုခံရပြီး တစ်ဦး သေဆုံးကာ ၂ ဦး ဖမ်းဆီးခံလိုက်ရသည်။ ဇွန်လ ၉ ရက်နေ့က ဖားကန့်မြို့၊ လုံးခင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေသည် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၂ရက်





# မကွေးတိုင်း

ထီးလင်းနှင့် မြိုင်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့ အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၈ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၇ ရက်နေ့က မြိုင်မြို့နယ်တွင် စစ်ကောင်စီရိက္ခာယာဉ်တန်းကို လုံခြုံရေးယူပေးနေသည့်စစ်ကြောင်းအား ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ၂ ဦး သေဆုံးခဲ့သည်။

---

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ရက်





# မန္တလေး

ဇွန်လ ၉ ရက်နေ့က မတ္တရာမြို့နယ်၊ ဘိုကုန်းကျေးရွာက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းဆိုသူသည် အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ အလားတူ ဇွန်လ ၉ ရက်နေ့က မတ္တရာမြို့နယ်၊ တောင်ပြုန်းကျေးရွာနှင့် သလွန်ဖြူကျေးရွာကြား၊ မန္တလေး-မတ္တရာ မီးရထားလမ်းဘေးတွင် အစွန်းရောက်တို့သွားရာလမ်း စာသားပါ အနီရောင်ကတ်ပြား ချိတ်ဆွဲခံထားရသည့် အသက် ၆၀ အရွယ်ခန့် ပိုင်ရှင်မဲ့အလောင်းတွေ့ရှိခဲ့ပါသည်။ ဇွန်လ ၁၀ ရက်နေ့က မြင်းခြံမြို့နယ်၊ ကြည်ရွာမှ ဆီးမီးခုံဖက်သို့ ဆိုင်ကယ်ဖြင့်ထွက်လာသည့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၂ ဦးကို ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ၂ ဦးလုံး သေဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၁၂ ရက်နေ့က နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ တောင်ပေါ်ဒေသ မြွေဟောက်မြောင်ဘုရားကုန်းတွင်တပ်စွဲထားသော စစ်ကောင်စီတပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်အား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။








# ကရင်ပြည်နယ်

ဖွန်လ ၈ ရက်နေ့က ကြာအင်းဆိပ်ကြီးမြို့အတွင်းရှိ မြို့နယ်ခန်းမ (ခ) ဇမိခန်းမအား ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်-KNLA၊ အထူးစစ်ဆင်ရေးတပ်ဖွဲ့–SOF၊ Cloud Wings ဒရုန်းတပ်ဖွဲ့တို့ ပူးပေါင်း၍ ဒရုန်းများဖြင့် ဗုံးသီးပစ်ချ တိုက်ခိုက်ခဲ့မှုကြောင့် ခန်းမဆောင်အတွင်းမှ စစ်ကောင်စီတပ်သား ၂ ဦး သေဆုံးကာ ၄ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် စစ်ကောင်ဆီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့နယ် တောင်ပိုင်းရှိ ရွာတန်းရှည်ကျေးရွာမှ  အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးပြီး မိသားစုဝင် ၂ ဦး ဒဏ်ရာရရှိခဲ့သည်။

---

**စုစုပေါင်း တိုက်ပွဲအရေအတွက် ၂ ရက်**









# ပဲခူးတိုင်း

ကျောက်ကြီးနှင့် နတ်တလင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA)၊ ပြည်သူ့ကာကွယ်ရေးတပ်တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၃ ဦးကျဆုံးခဲ့သည်။ ထို့အပြင် ဖွန်လ ၉ ရက် နေ့က ကျောက်ကြီးမြို့နယ် အထွေအထွေအုပ်ချုပ်ရေးမှူးရုံးအား KNLA၊ PDF ပူးပေါင်းတပ်ဖွဲ့များက ချိန်ကိုက်ဗုံးထောင်၍ ဖောက်ခွဲခဲ့မှုကြောင့်ကျောက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး သေဆုံးပြီး ၄ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၃ ရက်









# ရှမ်း (သျှမ်း) ပြည်နယ်

လားရှိုးနှင့်ဖယ်ခုံမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့်ပြည်သူ့ကာကွယ်ရေးတပ်၊ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၀ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၆ ဦး ကျဆုံးခဲ့သည်။ ဇွန်လ ၁၁ ရက်နေ့က လားရှိုးမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် MNDAA နှစ်ဖက်တိုက်ပွဲကြောင့် အမျိုးသမီးတစ်ဦး လက်နက်ကြီးထိမှန်သေဆုံးခဲ့သည်။ ထို့အပြင် ဇွန်လ ၈ ရက်နေ့က မိုးပြဲမြို့၊ စည်ကားရပ်ကွက်မှာ နေထိုင်သည့် အမျိုးသား ၂ ဦးကို နေအိမ်ခြံဝင်းအတွင်း စစ်ကောင်စီတပ်ဖွဲ့က အကြောင်းမရှိဘဲပစ်သတ်ခဲ့သည်။

---


စုစုပေါင်း
တိုက်ပွဲအရေအတွက်
၂ ရက်





# ကရင်နီ (ကယား) ပြည်နယ်

မယ်စဲ့နှင့် လွိုင်ကော်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်နီအမျိုးသားကာကွယ်ရေးတပ်(KNDF) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁ ဦး သေဆုံးခဲ့သည်။ ဇွန်လ ၁၃ ရက်နေ့က မယ်စဲ့မြို့နယ်အနီး တိုက်ပွဲတွေကြောင့် မယ်စဲ့မြို့နယ်ဒေသခံအပါအဝင် ဒေသအတွင်းရှိသည့် စစ်ဘေးရှောင်ဦးရေ ၁၀၀၀ ကျော်ဟာ ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေရသည်။ ထို့အပြင် ဇွန်လ ၈ ရက်နေ့က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ လက်နက်ကြီးများဖြင့်ပစ်ခတ်ရာ ဘောလခဲမြို့နယ်အတွင်းရှိ လွယ်ဝိန်းကျေးရွာထဲ ကျရောက်ခဲ့ပြီး အသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦး ထိမှန်သေဆုံးခဲ့သည်။






## တနင်္သာရီတိုင်း


ဖွန်လ ၇ ရက်နေ့က ပုလောမြို့နယ်၊ မင်းထိန်ကျေးရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးကာ အမျိုးသမီးတစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ ဖွန်လ ၈ ရက်နေ့မှစ၍ စစ်ကောင်စီတပ် သရက်ချောင်းမြို့နယ်အတွင်းသို့ စစ်ကြောင်းထိုး ဝင်ရောက်လာသောကြောင့် ဒေသခံပြည်သူ ၁၀၀၀၀ ကျော် ဘေးလွတ်ရာတိမ်းရှောင်နေရသည်။ ဖွန်လ ၁၁ ရက်နေ့က စစ်ရှောင်နေရသည့် အသက် ၂၃ နှစ် အရွယ် ကိုဝေယံဟိန်းဆိုသူသည် သရက်ချောင်းမြို့နယ်၊ ရငဲကျေးရွာရှိ နေအိမ်သို့ မိခင်အတွက် ဆေးပြန်ယူစဉ် လမ်းတွင် စစ်ကောင်စီတပ်၏ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ဖွန်လ ၁၂ ရက်နေ့က တနင်္သာရီမြို့နယ်၊ သိန္ဓော ကျေးရွာအနီးတွင် စစ်ကောင်စီတပ်ဖွဲ့ မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား တစ်ဦးသေဆုံး၍ ၆ ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ သည်။

စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ ရက်




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

- ၀ - ၀
- ၀ - ၁





## မွန်ပြည်နယ်

ဖွန်လ ၇ ရက်နေ့က သထုံမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်-KNLA၊ ပြည်သူ့ကာကွယ် ရေးတပ်ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၅ ဦး သေဆုံးခဲ့သည်။ ဖွန်လ ၈ ရက်နေ့က ရေးမြို့နယ်၊ နစ်ကရင် ကျေးရွာတွင် စစ်ကောင်စီ၏ အမြောက်တပ်မှ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အမျိုးသမီး ၁ ဦး သေဆုံးပြီး နေအိမ်နှစ်လုံး ထိမှန်ပျက်စီးခဲ့သည်။




# ရန်ကုန်တိုင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်ရေးဆိုင်ရာ ဝန်ကြီးဌာန အကြံပေးဖြစ်သူ ဦးအောင်ကျော်မိုး၏ အစ်ကို အကြီးဆုံးဖြစ်သူ ဦးသန်းမြင့်သည် ဇွန်လ ၇ ရက်နေ့ ည ၁၁ နာရီခန့်တွင် အမည်မသိလူတစ်စု၏ သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ အသက် ၄၅ နှစ်အရွယ် ဦးသန်းမြင့်သည် ၎င်းနေထိုင်ရာ ဒေါပုံမြို့နယ်အတွင်းရှိ နေအိမ်နှင့် ကိုက် ၅၀၀ ကျော်အကွာတွင် ဓားဖြင့် ထိုးသတ်ခံခဲ့ရခြင်းဖြစ်ပါသည်။




စုစုပေါင်း
တိုက်ပွဲအရေအတွက်
၁ရက်





တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

- ၀ - ၀
- ၀ - ၁

# ချင်းပြည်နယ်

ဇွန်လ ၁၂ ရက်နေ့က ဟားခါးမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် မတူပီမြို့နယ်တွင် ဇွန်လဆန်းပိုင်းကစ၍ စစ်ကောင်စီတပ်ဖွဲ့က စစ်ကြောင်းထိုးလာခြင်းကြောင့် နေရပ်စွန့်ခွာထွက်ပြေးကြရသော စစ်ဘေးရှောင်ထဲမှ ၇ ရက်သားအရွယ် ကလေးငယ်နှင့် အသက် ၆၀ ရွယ် အမျိုးသမီးတို့ နာမကျန်းဖြစ်ကာ သေဆုံးခဲ့သည်။





အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် မြို့တော် Sacramento တွင်ရှိသော ပြည်နယ်အဆောက်အအုံတွင် မြန်မာနိုင်ငံနေ့ (Burma Day Event) အဖြစ် မြန်မာအမေရိကန် လူငယ်များနှင့် ကယ်လီဖိုးနီးယား လွှတ်တော်အမတ်များက ဇွန် ၁၂ ရက်တွင် တွေ့ဆုံကြပါသည်။ တွေ့ဆုံမှုကို မြန်မာနိုင်ငံက ဒီမိုကရေစီအရေးလှုပ်ရှားမှုများကို အမေရိကန်များအား အသိပေးဖို့ရည်ရွယ်ချက်နှင့် စီစဉ်ခဲ့ခြင်းဖြစ်ပြီး၊ တွေ့ဆုံပွဲသို့ ကယ်လီဖိုးနီးယားပြည်နယ် လွှတ်တော်အမတ် Dave Cortese နှင့် Ben Allen တို့ တက်ရောက်ခဲ့ကြပါသည်။

အမေရိကန်နိုင်ငံအခြေစိုက်၊ ကမ္ဘာ့အကြီးဆုံး ကျန်းမာရေးထောက်ပံ့ကူညီမှုအသင်း Project C.U.R.E မှ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Dr. Doug Jackson ၊ ဒုဥက္ကဋ္ဌ များဖြစ်သည့် Kristofer Anderson ၊ Deborah Johns တို့သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဇော်ဝေစိုးနှင့် အမေရိကန်ပြည်ထောင်စု၊ ကိုလိုရာဒိုပြည်နယ်၊ ဒင်းဗားမြို့တော်ရှိ Project C.U.R.E. အပြည်ပြည်ဆိုင်ရာဌာနချုပ်ရုံးတွင် မြန်မာနိုင်ငံသို့ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းရန်အတွက်တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ တွေ့ဆုံမှုတွင် မြန်မာပြည်ရှိတိုင်းရင်းသားလူမျိုးနွယ်ပေါင်းစုံ ဒုက္ခဆင်းရဲခြင်း မြောက်မြားစွာကြုံတွေ့ခံစားနေရသည်ကို နားလည်ကိုယ်ချင်းစာကြောင်းနှင့် Project C.U.R.E. အနေဖြင့် မြန်မာပြည်သူများကို အတတ်နိုင်ဆုံးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြပါသည်။

နော်ဝေနိုင်ငံအခြေစိုက် အော်စလိုငြိမ်းချမ်းရေး သုတေသနအင်စတီကျု (PRIO)၏ ဇွန်လ ၁၂ ရက်က ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း စစ်တပ်အာဏာသိမ်းချိန်ကနေ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်အထိ လပေါင်း ၂၀အတွင်း အရပ်သားခြောက်ထောင်ကျော် (၆၃၃၇ ဦး) သတ်ဖြတ်ခံရပြီး နှစ်ထောင်ကျော် (၂၆၁၄ ဦး) ဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည့်အရေအတွက်သည် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ ထုတ်ပြန်ခဲ့သည့်အရေအတွက်ထက် သိသိသာသာများနေကြောင်း သိရပါသည်။

ဇွန်လ ၅ ရက်မှ ၁၆ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)၏ (၁၁၁) ကြိမ်မြောက်ညီလာခံအတွက် မြန်မာနိုင်ငံက ကိုယ်စားလှယ်များကို တက်ရောက်ခွင့်မပေးရန် ဆုံးဖြတ်ခဲ့ကြောင်း ဇွန်လ

> မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ ရပ်တန့်ရန်နှင့် ပဋိပက္ခများ အဆုံးသတ်ရန် အတွက် ရည်ရွယ်ချမှတ်ထားသော အာဆီယံ ဘုံသဘော တူညီချက် ၅ ရပ်ကို အကောင်အထည်ဖော်ရေး မလေးရှားနှင့် အင်ဒိုနီးရှား ခေါင်းဆောင်များက မြန်မာစစ်အာဏာရှင်ကို ထပ်မံတောင်းဆိုခဲ့ကြပါသည်။

၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ညီလာခံသို့တက်ရောက်ရန် မြန်မာနိုင်ငံမှ စစ်ကောင်စီတပ်၏ အလုပ်သမားရေးဝန်ကြီးဦးပွင့်ဆန်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၏ အလုပ်သမားရေးဝန်ကြီး နိုင်သုဂဏ္ဍာတို့မှ မေလ ၉ ရက်နှင့် ၁၄ ရက်တို့တွင် အသီးသီးအဆိုပြုခဲ့ကြပါသည်။

မြန်မာစစ်တပ်အား စစ်လက်နက်ပစ္စည်းများ တင်ပို့ရောင်းချခြင်းကို အမေရိကန်နှင့် ဥရောပသမဂ္ဂ အပါအဝင် အနောက်နိုင်ငံများမှ ပိတ်ပင်ထားသော်လည်း အစ္စရေးကုမ္ပဏီ တစ်ခုမှ စစ်လက်နက်ပစ္စည်းများကို ဆက်လက်တင်ပို့ရောင်းချပေးနေခဲ့ကြောင်း Justice for Myanmar အဖွဲ့၏ ဇွန်လ ၈ရက်ကထုတ်ပြန်သည့် အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားပါသည်။ အစ္စရေး စစ်လက်နက်ပစ္စည်းကုမ္ပဏီ CAA Industriesမှ ထုတ်လုပ်သည့် လက်နက်များဖြစ်ပြီး၊ အဆိုပါပစ္စည်းများကို ဝယ်ယူသည့် ကြားခံအဖွဲ့မှာ အစ္စရေး ကာကွယ်ရေး ကန်ထရိုက်တာများနှင့် မြန်မာစစ်အုပ်စုတို့ကြား ပွဲစားအဖြစ် ယခင်ကတည်းကရှိခဲ့သည့် Star Sapphire Group ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ထို့ပြင် CAA Industries အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေကို လေးစားလိုက်နာရန် တာဝန်ရှိသည့်အပြင် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများအောက်တွင် အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများကို တားဆီးရန် သို့မဟုတ် လျော့ပါးစေရန် ကုစားနိုင်ဖို့ တာဝန်ရှိပြီး၊ စစ်လက်နက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ တင်ပို့ရောင်းချခြင်းအပါအဝင် မြန်မာစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ချက်ချင်းရပ်တန့်ပေးရန် Justice for Myanmar အဖွဲ့မှ တောင်းဆိုထားပါသည်။

စစ်ကောင်စီ လက်အောက်ခံ တရားရုံးများ၌ နိုင်ငံရေးအရ ဖမ်းဆီးထိန်းသိမ်းခံထားရသူများအတွက် လိုက်ပါဆောင်ရွက်ပေးနေသည့် မြန်မာရှေ့နေများကို စစ်ကောင်စီတပ်သားများမှ အနှောင့်အယှက်ပေးမှုများနှင့် ထောင်ချခြင်းတို့အထိရှိနေခြင်းကြောင့် ရှေ့နေအများအပြား အမှုများလက်ခံမှုကိုရပ်တန့်ရသည်အထိ ဖြစ်စေခဲ့သည်ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့(HRW)က ဇွန်လ ၈ ရက်တွင် သတိပေးပြောဆိုထားပါသည်။

မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများရပ်တန့်ရန်နှင့် ပဋိပက္ခများ အဆုံးသတ်ရန် အတွက် ရည်ရွယ်ချမှတ်ထားသော အာဆီယံဘုံသဘောတူညီချက် ၅ ရပ်ကို အကောင်အထည်ဖော်ရေး မလေးရှားနှင့် အင်ဒိုနီးရှားခေါင်းဆောင်များက မြန်မာစစ်အာဏာရှင်ကို ထပ်မံတောင်းဆိုခဲ့ကြပါသည်။ အင်ဒိုနီးရှားနိုင်ငံ သမ္မတဂျိုကိုဝီဒိုဒိုသည် မလေးရှားနိုင်ငံသို့ ဇွန်လ ၇ ရက်မှ ၈ ရက်အထိ သွားရောက်ခဲ့သည့် ၂ ရက်တာ ချစ်ကြည်ရေးခရီးစဉ်အတွင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်နှင့်တွေ့ဆုံဆွေးနွေးရာတွင်တိုက်တွန်းခဲ့ကြခြင်းဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဖြစ်ပေါ်တိုးတက်မှုများကိုလည်း နှစ်နိုင်ငံခေါင်းဆောင်များက ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံအတွင်း ဆက်လက်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။

## မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။